# လျှပ်စစ် ဥပဒေ

# လျှပ်စစ် ဥပဒေ

[၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၇]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို လျှပ်စစ်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်တဝန်းလုံးတွင် လျှပ်စစ်ဓာတ်အားကို စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းများနှင့်လည်းကောင်း၊ ယင်းလုပ်ငန်းများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လျှပ်စစ် စစ်ဆေးရေးဆိုင်ရာ ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) **လျှပ်စစ်ဓာတ်အား** ဆိုသည်မှာ ရေနွေးငွေ့သုံးစက်မှုဖြစ်စေ၊ ရေအားသုံးစက်မှုဖြစ်စေ၊ အားဖြည့်လောင်စာဆီသုံးစက်မှုဖြစ်စေ၊ သဘာဝဓာတ် ငွေ့သုံး စက်မှုဖြစ်စေ၊ အဏုမြူစွမ်းအင်သုံး စက်မှုဖြစ်စေ၊ အခြားနည်းအားဖြင့်ဖြစ်စေ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားကိုဆိုသည်၊

(ခ) **လျှပ်စစ်ဆိုင်ရာလုပ်ပိုင်ခွင့်** ဆိုသည်မှာ လျှပ်စစ်ဓာတ်အားရှာဖွေခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်း၊ လျှပ် စစ် ဓာတ် အား ဖြန့်ဖြူးခြင်းစသည့် လုပ်ပိုင်ခွင့်များကိုဆိုသည်၊

(ဂ) **လျှပ်စစ်ဓာတ်အားရှာဖွေခြင်း** ဆိုသည်မှာ လျှပ်စစ် ဓာတ်အားကို နိုင်ငံတော်အကျိုးငှာ စီးပွားရေးအရ ဖြစ်စေ၊ အများပြည်သူ သုံးစွဲနိုင်ရန်ဖြစ်စေ၊ နိုင်ငံတော်ပိုင် စက်ရုံ

အလုပ်ရုံများတွင် သုံးစွဲနိုင်ရန်ဖြစ်စေ၊ သမဝါယမအသင်းပိုင် စက်ရုံအလုပ်ရုံများတွင် သုံးစွဲနိုင်ရန်ဖြစ်စေ၊ ပုဂ္ဂလိကပိုင် စက်ရုံအလုပ်ရုံများတွင် သုံးစွဲနိုင်ရန်ဖြစ်စေ၊ အခြားကိစ္စရပ်များတွင် သုံးစွဲနိုင်ရန်ဖြစ်စေ လျှပ်စစ်ဓာတ်အားရရှိအောင် စူးစမ်းရှာဖွေခြင်းကိုဆိုသည်၊

(ဃ) **လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း** ဆိုသည်မှာ ရေနွေးငွေ့သုံးစက်မှုဖြစ်စေ၊ ရေအားသုံးစက်မှုဖြစ်စေ၊ အားဖြည့်လောင်စာဆီသုံး စက်မှုဖြစ်စေ၊ သဘာဝဓာတ်ငွေ့သုံးစက်မှုဖြစ်စေ၊ အဏုမြူစွမ်းအင်သုံးစက်မှုဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ လျှပ်စစ်ဓာတ်အား စနစ်တကျ ထုတ်လုပ်ခြင်းကိုဆိုသည်၊

( င ) **လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်း** ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကိုထုတ်လုပ်သည့်နေရာမှ သုံးစွဲမည့်နေရာသို့ ရောက်ရှိစေရန် လျှပ်စစ်ဓာတ်အားလိုင်းများဖြင့် သွယ်တန်း၍ သတ်မှတ်ထားသည့် ဗို့အား၊ လျှပ်စီးတို့ဖြင့် စနစ်တကျပို့လွှတ်ခြင်းကိုဆိုသည်၊

( စ ) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း** ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို သတ်မှတ်ထားသည့် ဗို့အား၊ လျှပ်စီးတို့ဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူထံသို့ စနစ်တကျဖြန့်ဖြူးခြင်းကိုဆိုသည်၊

( ဆ ) **လျှပ်စစ်ဓာတ်အားအသုံးပြုခြင်း** ဆိုသည်မှာ သတ်မှတ်ထားသည့် ဗို့အားနှင့် လျှပ်စီးတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အသုံးပြုခြင်းကိုဆိုသည်၊

( ဇ ) **လျှပ်စစ်ဓာတ်အား စစ်ဆေးခြင်း** ဆိုသည်မှာ လျှပ်စစ်ဓာတ်အားရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် အသုံးပြုခြင်းများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့် အညီ စစ်ဆေးခြင်းကိုဆိုသည်၊

(ဈ) **စစ်ဆေးရေးမှူးချုပ်** ဆိုသည်မှာ ဤဥပဒေပါ လျှပ်စစ်စစ်ဆေးရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထမ်းဆောင်ကျင့်သုံးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနက ခန့်အပ်ထားသော ပုဂ္ဂိုလ်ကိုဆိုသည်၊

(ည) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဤဥပဒေပါ လျှပ်စစ်စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထမ်းဆောင်ကျင့်သုံးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနက ခန့်အပ်ထားသော ပုဂ္ဂိုလ်ကိုဆိုသည်၊

(ဋ) **လျှပ်စစ်ဓာတ်အားသုံးစွဲသူ** ဆိုသည်မှာလျှပ်စစ်ဓာတ်အားထုတ်လုပ်ခွင့်ရရှိသည့် အဖွဲ့အစည်းနှင့် ပုဂ္ဂလိကလုပ်ငန်းတစ်ခုခုမှ ထုတ်လုပ်သည့် ဓာတ်အားကိုရယူ၍ ကိုယ်ပိုင်သုံးစွဲခြင်း သို့မဟုတ် စက်ရုံအလုပ်ရုံအတွက် သုံးစွဲခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းအတွက် သုံးစွဲခြင်းပြုသူကို ဆိုသည်၊

(ဌ) **လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတွင် အတွေ့အကြုံရှိသူကိုဖြစ်စေ၊ သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသူကိုဖြစ်စေ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နိုင်သူဟု စစ်ဆေးရေးမှူးချုပ်က ယုံကြည်၍ ထုတ်ပေးထားသော လက်မှတ်ကိုဆိုသည်၊

(ဍ) **လျှပ်စစ်ကျွမ်းကျင်လုပ်သား** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတွင် အတွေ့အကြုံရှိပြီး လက်တွေ့လုပ်ငန်းဆောင်ရွက်နေသူ သို့မဟုတ် လုပ်ငန်းအတွေ့အကြုံနှင့် သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီ၍ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်ရရှိထားသူကိုဆိုသည်။

## အခန်း (၂)

## လျှပ်စစ်ဆိုင်ရာလုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးအဖွဲ့သည် အောက်ပါတို့ကို လျှပ်စစ်ဆိုင်ရာ လုပ်ပိုင်ခွင့်များ ခွင့်ပြုနိုင်သည်—

(က) နိုင်ငံတော်က ဖွဲ့စည်းထားသော လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်း သို့မဟုတ် ယင်းကော်ပိုရေးရှင်းအား ဆက်ခံသည့် အဖွဲ့အစည်း၊

(ခ) ဝန်ကြီးဌာန အသီးသီး၏ လက်အောက်ရှိ စက်ရုံအလုပ်ရုံ၊ ဌာနများ၊

(ဂ) သမဝါယမအသင်း ဥပဒေအရ မှတ်ပုံတင်ထားသော သမဝါယမအသင်းများ၊

(ဃ) ပုဂ္ဂလိက လုပ်ငန်း လုပ်ပိုင်ခွင့် ဥပဒေအရ မှတ်ပုံတင်ထားသော ပုဂ္ဂလိက လုပ်ငန်းများ၊

(င) အခြား သီးခြားအဖွဲ့အစည်းများ။

၅။ ဝန်ကြီးအဖွဲ့က တာဝန်ပေးအပ်သော ဝန်ကြီးဌာန ဝန်ကြီးသည် ပုဒ်မ ၄ ပုဒ်မခွဲ (က) ပါ အဖွဲ့အစည်းအား လျှပ်စစ်ဓာတ်အား ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းများအတွက် လုပ်ကိုင်ခွင့် အမိန့်များကို ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုလုပ်နိုင်သည်။

၆။ သက်ဆိုင်ရာ ဝန်ကြီးကဖြစ်စေ၊ သက်ဆိုင်ရာ ဝန်ကြီး၏ တာဝန်ပေးအပ်ခြင်းခံရသော စစ်ဆေးရေးမှူးချုပ် သို့မဟုတ် စစ်ဆေးရေးမှူးကဖြစ်စေ ပုဒ်မ ၄ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (င) ပါ အဖွဲ့အစည်းများနှင့် ပုဒ်မခွဲ (ဃ) ပါ ပုဂ္ဂလိက လုပ်ငန်းများအား လျှပ်စစ်ဓာတ်အား ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းများအတွက် လုပ်ကိုင်ခွင့်အမိန့်များကို ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုလုပ်နိုင်သည်။

၇။ လျှပ်စစ်ဓာတ်အား လုပ်ကိုင်ခွင့် အမိန့်များကို အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ရုပ်သိမ်းနိုင်သည်—

(က) လျှပ်စစ်ဓာတ်အားနှင့် ပတ်သက်၍ ဤဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း၊

(ခ) လုပ်ကိုင်ခွင့်အမိန့်ပါ စည်းကမ်းများကို လိုက်နာ ကျင့်သုံးရန်ပျက်ကွက်ခြင်း၊

(ဂ) လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတွင်းမဆောင်ရွက်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်မှု မပြုခြင်း သို့မဟုတ် မဆောင်ရွက်နိုင်ခြင်း။

၈။ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ)၊(င)ပါ အဖွဲ့အစည်းများနှင့် ပုဒ်မခွဲ (ဃ) ပါ ပုဂ္ဂလိက လုပ်ငန်းများကို ပုဒ်မ ၆ အရ လျှပ်စစ်ဓာတ်အား ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းအတွက် လုပ်ကိုင်ခွင့်အမိန့် ထုတ်ပေးထားစေကာမူ ယင်းလုပ်ငန်းများကို နိုင်ငံတော်က တာဝန်ယူဆောင်ရွက်မည်ဟု ဆုံးဖြတ်ချက်ချမှတ်သည့် အခါတွင် သက်ဆိုင်ရာဝန်ကြီးကဖြစ်စေ၊ သက်ဆိုင်ရာဝန်ကြီး၏ တာဝန်ပေးအပ်ခြင်းခံရသော စစ်ဆေးရေးမှူးချုပ် သို့မဟုတ် စစ်ဆေးရေးမှူးကဖြစ်စေ ထုတ်ပေးထားသော လုပ်ကိုင်ခွင့်အမိန့်များကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

၉။ ထူးခြားသော လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ငန်းများ လုပ်ပိုင်ခွင့်ကို စည်းမျဉ်းစည်းကမ်းများ သတ်မှတ်၍ မည်သည့်အဖွဲ့အစည်းသို့မဆို ဝန်ကြီးအဖွဲ့က ခွင့်ပြုနိုင်သည်။

၁၀။ ပုဒ်မ ၄ အရ လျှပ်စစ်ဆိုင်ရာ လုပ်ပိုင်ခွင့်ရရှိသူသည် ဝန်ကြီးအဖွဲ့၏ သဘောတူညီချက် မရရှိပဲ အခြား လျှပ်စစ် ဓာတ်အား ထုတ်လုပ် လိုသူများနှင့်ဖြစ်စေ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်အမိန့်ရရှိပြီးသူများနှင့်ဖြစ်စေ ပူးပေါင်း၍ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၁၁။ လျှပ်စစ်ဆိုင်ရာ လုပ်ပိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်အမိန့်ကိုဖြစ်စေ၊ လုပ်ငန်းကိုဖြစ်စေ၊ ယင်း၏ တစိတ်တဒေသကိုဖြစ်စေ ဝန်ကြီးအဖွဲ့၏ သဘောတူညီချက် မရရှိပဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ အခြားနည်းအားဖြင့် လွှဲပြောင်းပေးအပ်ခြင်း မပြုရ။

၁၂။ မည်သူမျှ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်မရရှိပဲ လျှပ်စစ်တပ်ဆင်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုရ။

# အခန်း (၃)

## လျှပ်စစ်ဆိုင်ရာ လုပ်ပိုင်ခွင့် ရရှိသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၃။ ပုဒ်မ ၄ အရ လျှပ်စစ်ဆိုင်ရာ လုပ်ပိုင်ခွင့် ရရှိသူသည် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်—

(က) လျှပ်စစ်ဓာတ်အား ရှာဖွေခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်၊

(ခ) လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းများတွင်—

(၁) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၌ လျှပ်စစ်ဆိုင်ရာ လုပ်ကိုင်ခွင့် အမိန့်အရ သတ်မှတ်ထားသည့် လျှပ်စစ်စွမ်းအားကိုသာ ထုတ်လုပ်ရမည်၊

(၂) လျှပ်စစ် ဓာတ်အား ထုတ်လုပ်ရာမှ ရရှိမည့် လျှပ်စစ်စွမ်းအားကို လျှပ်စစ်ဓာတ်အား သုံးစွဲသူများက သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ရမည်၊

(၃) လျှပ်စစ် ဓာတ်အား အတွက် အသုံးပြုသည့် လျှပ်စစ် ဓာတ်အား တိုင်းတာရေး ပစ္စည်းကိရိယာများ၊ အကာအကွယ်ပြု ပစ္စည်းကိရိယာများကို စနစ်တကျ တပ်ဆင်ထိန်းသိမ်း အသုံးပြုရမည်၊

(၄) လျှပ်စစ် ဓာတ်အား တိုင်းတာရေး ပစ္စည်းကိရိယာများ တပ်ဆင်ခြင်းနှင့် ပတ်သက်၍ လျှပ်စစ်ဆိုင်ရာစည်းကမ်းချက်များအရ လိုက်နာဆောင်ရွက်ရမည်၊

(၅) လျှပ်စစ်ဓာတ်အား သုံးစွဲသူများထံမှ လျှပ်စစ်ဓာတ်အားအတွက် အခကြေးငွေကိုတောင်းခံခွင့်ရှိသည်၊

(၆) သတ်မှတ်ထားသည့် လျှပ်စစ်ဓာတ်အား သုံးစွဲခများကို သတ်မှတ်ထားသည့် ရက်အတွင်း မရရှိခဲ့လျှင် လျှပ်စစ်ဓာတ်အားကို ဖြတ်တောက်ခွင့်ရှိသည်။

၁၄။ လျှပ်စစ်အန္တရာယ် ကာကွယ်မှုနှင့်ပတ်သက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းများပြုလုပ်ရာတွင် အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်—

(က) လေယာဉ်ကွင်း၊ ရထားလမ်း၊ ဓာတ်ရထားလမ်း၊ မော်တော်ကားလမ်း၊ထရော်လီကားလမ်း၊ တူးမြောင်း၊ မြစ်၊ ချောင်း၊ ဆိပ်ကမ်း၊ သင်္ဘောကျင်း၊ ဆိပ်ကမ်းတံတား၊ ရေကတုတ် စသည်များကို မည်သည့်နည်းနှင့်မျှ ထိခိုက် ပျက်စီးအောင် ပြုလုပ်ခြင်းမရှိစေရ၊

(ခ) လေယာဉ်ပြေးလမ်း၊ ရထားလမ်း၊ ဓာတ်ရထားလမ်း၊ မော်တော်ကားလမ်း၊ ထရော်လီကားလမ်း၊ တူးမြောင်း၊ မြစ်၊ ချောင်းများတွင် ယာဉ်သွားလာမှုကို ပိတ်ဆို့နှောင့်ယှက်ခြင်း မရှိစေရ၊

(ဂ) ကြေးနန်း၊ စကားပြောကြေးနန်း၊သင်္ကေတသုံး လျှပ်စစ်ကြေးနန်း၊ အချက်ပြကြေးနန်း၊ ကြေးနန်းရိုက်ကြားရာတွင် တစုံတရာ အသုံးဝင်သည့် အခြားကြိုးများ၊ လေလှိုင်းများသို့ လျှပ်စစ်ဓာတ်အား ကူးဝင်စေခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းအားဖြင့်ဖြစ်စေ ထိခိုက်နစ်နာပျက်စီးခြင်း မရှိစေရ။

၁၅။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းနှင့် ပတ်သက်၍ လူ သို့မဟုတ် တိရစ္ဆာန်ကို ဒဏ်ရာအနာတရ ရရှိအောင် ဖြစ်စေ၊ ကိုယ်အင်္ဂါ တစ်ခုခု မစွမ်းမသန်အောင် ဖြစ်စေ၊ သေဆုံးအောင်ဖြစ်စေ လျှပ်စစ်အန္တရာယ် မတော်တဆ ဖြစ်ပေါ်ခဲ့လျှင် လျှပ်စစ်ဆိုင်ရာလုပ်ပိုင်ခွင့်ရရှိသူသည် စစ်ဆေးရေးမှူးချုပ်နှင့် သက်ဆိုင်ရာ ဌာနတာဝန်ခံထံ အမြန်ဆုံး အကြောင်းကြားရမည်။

# အခန်း (၄)

## စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၆။ စစ်ဆေးရေးမှူးသည် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်—

(က) လျှပ်စစ်ဓာတ်အားသုံး နိုင်ငံတော်ပိုင် စက်ရုံ အလုပ်ရုံများ၊ သမဝါယမ အသင်းပိုင် စက်ရုံ အလုပ်ရုံများ၊ ပုဂ္ဂလိကပိုင် စက်ရုံ အလုပ်ရုံများ၊ အများပြည်သူစုဝေးရာ နေရာများဖြစ်သော ကျောင်း၊ဆေးရုံ၊ ရုပ်ရှင်ရုံ၊ဇာတ်ရုံ၊ ခန်းမနှင့် နိုင်ငံတော်မှ ကြီးမှူးကျင်းပသည့် ပြပွဲ၊ ပြိုင်ပွဲ ကျင်းပရာနေရာ စသည်များကို စစ်ဆေးပြီး လျှပ်စစ် အန္တရာယ် ကင်းရှင်းကြောင်း ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရန် စစ်ဆေးရေးမှူးချုပ်ထံ တင်ပြခြင်း၊

(ခ) ဓာတ်လှေကား၊ စက်လှေကား၊ လျှပ်စစ်ရထား၊ ဓာတ်ရထား၊ ထရော်လီကားများနှင့် လျှပ်စစ်ဓာတ်အားသုံး လျှပ်စစ်ပစ္စည်း ကိရိယာ စသည်များကို စစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရန် စစ်ဆေးရေးမှူးချုပ်ထံ တင်ပြခြင်း၊

(ဂ) လျှပ်ထုတ်စက်များနှင့် ပတ်သက်၍ ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့် ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ပေးရန် စစ်ဆေးရေးမှူးချုပ်ထံ တင်ပြခြင်း၊

(ဃ) ပြည်တွင်းပြည်ပမှ ထုတ်လုပ်သော လျှပ်စစ်ပစ္စည်းများကို စံချိန် စံညွှန်းများနှင့်အညီ စမ်းသပ် စစ်ဆေးပြီး

ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရန် စစ်ဆေးရေးမှူးချုပ်ထံ တင်ပြခြင်း၊

(င) လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ လျှပ်စစ်ဆိုင်ရာသတ်မှတ်ချက်နှင့် အညီ ပြင်ဆင်နိုင်ရန် စစ်ဆေးရေးမှူးချုပ်ထံ တင်ပြခြင်း။

၁၇။ စစ်ဆေးရေးမှူးသည် အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်—

(က) သက်ဆိုင်ရာ ဝန်ကြီး၏ တာဝန်ပေးချက်အရ လျှပ်စစ်ဓာတ်အား ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းများအတွက် လုပ်ကိုင်ခွင့်အမိန့်ကို ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း၊

(ခ) သတ်မှတ်ထားသည့် စမ်းသပ်စစ်ဆေးခကို နည်းလမ်းတကျ တောင်းခံခြင်း၊

(ဂ) လျှပ်စစ်ပစ္စည်းကိရိယာ တန်ဆာပလာများကို စမ်းသပ်စစ်ဆေးခများ ပေးဆောင်ရန် သတ်မှတ်ရက်ထက်ကျော်လွန်ပျက်ကွက်လျှင် လျှပ်စစ်ဆိုင်ရာ သတ်မှတ်ချက်နှင့်အညီ ကျသင့်ငွေဒဏ်ကိုပါ ဆက်လက်တောင်းခံခြင်း၊

(ဃ) လျှပ်စစ်အန္တရာယ် ကျရောက်မည့်ကိစ္စရပ်များတွင် စက်ရုံအလုပ်ရုံများ၌ အသုံးပြုနေသောလျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အများပြည်သူ နေထိုင်ရာနေရာ ဒေသများ၌ အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အခြားဓာတ်အားသုံးစွဲသည့် နေရာများ၌ အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ ဖြတ်တောက်ရန် စစ်ဆေးရေးမှူးချုပ်ထံ တင်ပြခွင့် ရှိသည့်အပြင် အကယ်၍ အရေးပေါ် အခြေအနေ ဖြစ်ပေါ်ပါက ဖြတ်တောက်နိုင်ခြင်း။

## အခန်း (၅)

## စစ်ဆေးရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၀။ စစ်ဆေးရေးမှူးချုပ်သည် မိမိအား အပ်နှင်းထားသည့် အခွင့်အာဏာများ၊ တာဝန်များနှင့်အညီ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်ရမည်။

၁၉။ လျှပ်စစ်ဓာတ်အား ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းများနှင့်ပတ်သက်၍ စစ်ဆေးရေးမှူးချုပ်သည် အောက်ပါလုပ်ငန်းများကို လုပ်ပိုင်ခွင့်ရှိသည်—

(က) သက်ဆိုင်ရာ ဝန်ကြီး၏ တာဝန်ပေးချက်အရ လျှပ်စစ်ဓာတ်အား ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းများအတွက် လုပ်ကိုင်ခွင့်အမိန့်ကို ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း၊

(ခ) လျှပ်စစ်ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရန် မည်သည့်နေရာ၊ မည်သည့်အဆောက်အအုံအတွင်းသို့မဆို ဝင်ရောက်ခွင့် ရှိခြင်း၊

(ဂ) လျှပ်စစ်ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရန် မိမိကိုယ်တိုင် စစ်ဆေးရေးမှူးကိုဖြစ်စေ၊ အခြားစစ်ဆေးရေးဆိုင်ရာ ဝန်ထမ်းကိုဖြစ်စေ မည်သည့်နေရာ၊ မည်သည့်အဆောက်အအုံတွင်းသို့မဆို ဝင်ရောက်ခွင့်ပြုနိုင်ခြင်း၊

(ဃ) ပုဒ်မ ၁၆ ပုဒ်မခွဲ (င) အရဖြစ်စေ၊ ပုဒ်မ ၁၇ ပုဒ်မခွဲ (ဃ) အရ ဖြစ်စေ စစ်ဆေးရေးမှူး၏ တင်ပြချက်နှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးခြင်း၊ ဖြည့်စွက်ပြင်ဆင်

ခြင်း၊ ညွှန်ကြားခြင်း၊ လို အပ် သည် ဟု ယူ ဆ လျှင် ခေတ်အားဖြုတ်တောက်ခြင်း၊

(င) ပုဒ်မ ၁၆ အရ စစ်ဆေးရေးမှူးကတင်ပြလာသောကိစ္စရပ်များနှင့်ပတ်သက်၍ ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(စ) လျှပ်စစ်ဓာတ်အားကြောင့် လူ သို့မဟုတ် တိရစ္ဆာန်များ ဒဏ်ရာအနာတရ ရရှိခြင်းနှင့် ပတ်သက်၍ဖြစ်စေ၊ သေဆုံးရခြင်းနှင့် ပတ်သက်၍ ဖြစ်စေ ဖြစ်ပွားရသည့် အကြောင်းရင်းနှင့် မည်သူတွင်တာဝန်ရှိသည်ကို အဆုံးအဖြတ်ပေးခြင်း၊

(ဆ) သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသူအား လျှပ်စစ် ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်ကို ထုတ်ပေးခြင်း၊

(ဇ) လျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းနှင့် စစ်ဆေးမှု နည်းစနစ်များကို ထုတ်ပြန်ခြင်း၊

(ဈ) လျှပ်စစ်ပစ္စည်းကိရိယာ စမ်းသပ်စစ်ဆေးခများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုလုပ်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးသို့ တင်ပြခြင်း၊

(ည) လျှပ်စစ်တပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်း လုပ်ငန်းများ၏ လုပ်ခကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ပြု လုပ် ပေး ရန် သက်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးသို့ တင်ပြခြင်း၊

(ဋ) မည်သည့်နယ်မြေအတွင်းရှိ လျှပ်စစ်စစ်ဆေးရေးလုပ်ငန်းများကိုမဆို စစ်ဆေးရန် စစ်ဆေးရေးမှူး တစ်ဦးဦးအား တာဝန်ပေးအပ်ခြင်း။

၂၀။ လျှပ်စစ်ဓာတ်အားကြောင့် လူ သို့မဟုတ် တိရစ္ဆာန်များ ဒဏ်ရာအနာတရ ရရှိခြင်းနှင့် ပတ်သက်၍ဖြစ်စေ၊ သေဆုံးရခြင်းနှင့်ပတ်သက်၍ ဖြစ်စေ စစ်ဆေးရေးမှူးချုပ်သည် သက်ဆိုင်သူများကို စစ်ဆေးခွင့်ရှိသည်။

၂၁။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းများနှင့်ပတ်သက်၍ လျှပ်စစ်အန္တရာယ် ကျရောက်မည့်အခြေအနေကို ထိန်းသိမ်းနိုင်ရန်အလို့ငှာ အများပြည်သူများက အသုံးပြုသည့် လျှပ်စစ်ဓာတ်အားကို ဖြစ်စေ၊ စက်ရုံအလုပ်ရုံများက အသုံးပြုသည့် လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အခြားဓာတ်အားသုံးစွဲသည့် နေရာများ၌ အသုံးပြုနေသော လျှပ်စစ် ဓာတ်အားကို ဖြစ်စေ ဖြတ် တောက် ရန် စစ်ဆေးရေးမှူးချုပ်သည် သက်ဆိုင်ရာဌာန တာဝန်ခံများကို ညွှန်ကြားနိုင်သည်။

၂၂။ လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ အသုံးပြုသည့် ပစ္စည်းကိရိယာများ မှန်ကန်မှု ရှိ မရှိ စသည့်ကိစ္စရပ်များအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သူနှင့် သုံးစွဲသူများအကြား အငြင်းပွားမှုပေါ်ပေါက်လာလျှင် သို့မဟုတ် သဘောထားကွဲလွဲမှုရှိလာလျှင် စစ်ဆေးရေးမှူးချုပ်သည် အဆုံးအဖြတ် ပေးရမည်။ ယင်း၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၆)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၃။ မည်သူမဆို လျှပ်စစ်ဓာတ်အားကို မရိုးမဖြောင့်သော သဘောဖြင့် ထုတ်ယူခြင်း၊ ဖြုန်းတီးမှုပြုလုပ်ခြင်း၊ တရားမဝင်အသုံးပြုခြင်း တစ်ခုခုကို ပြုလုပ်လျှင် ပြစ်မှုဆိုင်ရာဥပဒေအရ ဓာတ်အားခိုးမှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။

၂၄။ မည်သူမဆို မရိုးမဖြောင့်သော သဘောဖြင့် လျှပ်စစ်ဓာတ်အားကို ဖြုန်းတီးခြင်း သို့မဟုတ် လျှပ်စီးကြောင်း လွှဲပေးခြင်း သို့မဟုတ် လျှပ်စစ်ဓာတ်အားပေးသည့်လိုင်းကိုဖြတ်တောက်ခြင်း သို့မဟုတ် လျှပ်စစ်ဓာတ်အားပေးသည့်လုပ်ငန်းကို ဖျက်ဆီးခြင်းပြုလုပ်လျှင် သို့မဟုတ် ထိုသို့ပြုလုပ်ရန်အားထုတ်လျှင် ထောင်ဒဏ်အနည်းဆုံး နှစ် နှစ်မှ အများဆုံး ငါးနှစ်အထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်ငါးထောင်မှ အများဆုံး ကျပ်တစ်သောင်းအထိ ဖြစ်စေ၊ ထောင်ဒဏ်၊ ငွေဒဏ်၊ ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေ ကျခံစေရမည်။

၂၅။ မည်သူမဆို ပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မ ၆ အရ လုပ်ကိုင်ခွင့်အမိန့်ဖြင့်သာ ဆောင်ရွက်ရမည့် လျှပ်စစ်ဓာတ်အား ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်အမိန့်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်လျှင် ငွေဒဏ်အနည်းဆုံး ကျပ်နှစ်ထောင်မှ အများဆုံး ကျပ်သုံးထောင်အထိ ကျခံစေရမည့်အပြင် ပြစ်ဒဏ်ချမှတ်ပြီးနောက် ပြစ်မှုကို ဆက်လက်၍ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျူးလွန်သော ရက်များအတွက် တစ်ရက်လျှင်ငွေဒဏ် ကျပ်သုံးရာစီ ကျခံစေရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၁၀၊ ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ငွေဒဏ် အနည်းဆုံး ကျပ်သုံးထောင်မှ အများဆုံး ကျပ်ငါးထောင်အထိ ကျခံစေရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ်အနည်းဆုံး တစ်လမှ အများဆုံး သုံးလအထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်ငါးရာမှ အများဆုံးကျပ် တစ်ထောင်အထိဖြစ်စေ၊ ထောင်ဒဏ်၊ ငွေဒဏ်၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ကျခံစေရမည်။

၂၈။ မည်သူမဆို လျှပ်စစ်ဓာတ်အားကို မရိုးမဖြောင့်သော သဘောဖြင့်ထုတ်ယူခြင်း၊ ဖုန်းတီးမှုပြုလုပ်ခြင်း၊ တရားမဝင်အသုံးပြုခြင်း တစ်ခုခုကြောင့်ဖြစ်စေ၊ မရိုးမဖြောင့်သော သဘောဖြင့် လျှပ်စစ်ဓာတ်အားကို ဖုန်းတီးခြင်း၊ လျှပ်စီးကြောင်း လွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားပေးသည့်လိုင်းကို ဖြတ်တောက်ခြင်း၊ လျှပ်စစ်ဓာတ်အားပေးသည့် လုပ်ငန်းကို ဖျက်ဆီးခြင်း တစ်ခုခုကြောင့်ဖြစ်စေ၊ ပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မ ၆ အရ လုပ်ကိုင်ခွင့်အမိန့်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့် ဖြစ်စေ နိုင်ငံတော်ပိုင် ပစ္စည်းများကို လည်းကောင်း၊ သမဝါယမအသင်းပိုင် ပစ္စည်းများကို လည်းကောင်း နစ်နာပျက်စီးဆုံးရှုံးစေပါက သက်ဆိုင်ရာ ပုဒ်မများတွင် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်များအပြင် နစ်နာပျက်စီးဆုံးရှုံးသွားသော ပစ္စည်း၏ ကာလတန်ဖိုးကို သက်ဆိုင်ရာ နိုင်ငံတော်ပိုင် အဖွဲ့အစည်းသို့ လည်းကောင်း၊ သမဝါယမအသင်းသို့ လည်းကောင်း ပေးလျော်စေ ရမည်။

## အခန်း (၇)

### လျော်ကြေးသတ်မှတ်ခြင်း

၂၉။ လျှပ်စစ်ဆိုင်ရာ လုပ်ပိုင်ခွင့်ရှိသူ၊ လျှပ်စစ် တပ်ဆင်ခြင်းလုပ်ငန်း လုပ်ပိုင်ခွင့်ရသူများ၏ ပေါ့လျော့မှု သို့မဟုတ် တာဝန်ပျက်ကွက်မှုကြောင့် ဓာတ်လိုက်မှု၊ မီးလောင်မှုများ ဖြစ်ပွား၍ ထိခိုက်ဒဏ်ရာ အနာတရဖြစ်ခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါ မစွမ်းမသန်ဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်း ဖြစ်ပေါ်စေလျှင် ထိခိုက်နစ်နာသူသည် လျှပ်စစ်ဆိုင်ရာ လုပ်ပိုင်ခွင့်ရသူ၊ လျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်း လုပ်ပိုင်ခွင့်ရသူထံမှ လျော်ကြေးများကို အောက်ပါအတိုင်း တောင်းခံခွင့်ရှိစေရမည်—

(က) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်သူဖြစ်ပါက ယင်းဥပဒေအရ သတ်မှတ်ထားသောလျော်ကြေး၊

(ခ) ထိခိုက်နစ်နာသူသည် အလုပ်သမား လျော်ကြေးဥပဒေနှင့် အကျုံးဝင်သူမဟုတ်ပါက လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ပေးသော လျော်ကြေး။

၃၀။ မည်သူမဆို နိုင်ငံတော်ပိုင် လျှပ်စစ်ပစ္စည်း ကိရိယာများကို ဖျက်ဆီးလျှင် တည်ဆဲဥပဒေအရ တရားစွဲဆိုခြင်းခံရမည့်အပြင် ယင်းထံမှ ပျက်စီးဆုံးရှုံးသော လျှပ်စစ်ပစ္စည်း ကိရိယာ၏ ကာလတန်ဖိုးကို လျော်ကြေးအဖြစ် သက်ဆိုင်ရာ နိုင်ငံတော်ပိုင် အဖွဲ့အစည်းက တောင်းခံခွင့်ရှိသည်။

၃၁။ မည်သူမဆို နိုင်ငံတော်ပိုင် လျှပ်စစ်ပစ္စည်း ကိရိယာများကို သက်ဆိုင်ရာ နိုင်ငံတော်ပိုင်အဖွဲ့အစည်း၏ ခွင့်ပြုချက်မရရှိပဲ အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ လွှဲပြောင်းပေးခြင်းကြောင့် နိုင်ငံတော်ပိုင် အဖွဲ့အစည်းတွင် တစုံတရာနစ်နာဆုံးရှုံးမှု ဖြစ်ပေါ်စေပါက ယင်း နစ်နာဆုံးရှုံးမှုအတွက် သက်ဆိုင်ရာဝန်ကြီးက သတ်မှတ်ပေးသောငွေကြေးကို လျော်ကြေးအဖြစ် ပေးဆောင်ရမည်။

# အခန်း (၈)

## အကြံပေးအဖွဲ့

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရာတွင် လိုအပ်သည့်ကိစ္စရပ်များကို အကြံပေးနိုင်ရန် ဝန်ကြီးအဖွဲ့သည် သင့်လျော်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သော အကြံပေးအဖွဲ့ကို ဖွဲ့စည်းပေးနိုင်သည်။

၃၃။ အကြံပေးအဖွဲ့တွင် ပါဝင်သည့်အဖွဲ့ဝင်များသည် ဝန်ကြီးအဖွဲ့က သတ်မှတ်ပေးသည့် အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ခံစားခွင့်ရှိစေရမည်။

၃၄။ အကြံပေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် —

(က) ဝန်ကြီးအဖွဲ့သို့လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီးသို့လည်းကောင်း၊ ဝန်ကြီးအဖွဲ့၏ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးဌာန ဝန်ကြီးသို့ လည်းကောင်း အောက်ပါကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပေးခြင်း—

(၁) လျှပ်စစ်ဓာတ်အား ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းများနှင့် ပတ်သက်သော ကိစ္စရပ်များ၊

(၂) လျှပ်စစ်ဓာတ်အား အသုံးပြုမှုအတွက် အခကြေးငွေများနှင့် ပတ်သက်သောကိစ္စရပ်များ၊

(၃) လျှပ်စစ်ဆိုင်ရာ လုပ်ပိုင်ခွင့်ရရှိသူများက လိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များနှင့် ပတ်သက်သောကိစ္စရပ်များ၊

(၄) လျှပ်စစ်မော်တာအား သုံးစွဲရာတွင် လိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များနှင့် ပတ်သက်သော ကိစ္စရပ်များ၊

(ခ) ဥပဒေ၊ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို လေ့လာ၍ လိုအပ်သောအကြံပြုချက်များကို တင်ပြခြင်း၊

(ဂ) လျှော်ကြေးကိစ္စရပ်များ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့နှင့် ညှိနှိုင်းရမည့် ကိစ္စရပ်များကိုဖြစ်စေ၊ အခြားသောကိစ္စရပ်များကိုဖြစ်စေ အဆုံးအဖြတ် ပြုနိုင်ရန်အလို့ငှာ ဝန်ကြီးအဖွဲ့မှ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးဌာန ဝန်ကြီးကို အကြံပေးခြင်း၊

(ဃ) သက်ဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီးကဖြစ်စေ၊ ဝန်ကြီးအဖွဲ့မှ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးဌာန ဝန်ကြီးကဖြစ်စေ တာဝန်ပေးအပ်သော ကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပေးခြင်း။

# အခန်း (၉)

## လျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် လျှပ်စစ်စစ်ဆေးမှု နည်းစနစ်များ

၃၅။ ဤဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များအရ လျှပ်စစ်ဆိုင်ရာကိစ္စများကို လျှပ်စစ်အန္တရာယ် ကင်းရှင်းစွာ ဆောင်ရွက်ရန်အလို့ငှာ ခေတ်မီစံချိန်စံညွှန်းများ၊ စစ်ဆေးမှုနည်းစနစ်များ သတ်မှတ်ခြင်းနှင့် ပတ်သက်၍ လျှပ်စစ်စစ်ဆေးရေးဌာနတွင် တာဝန်ရှိစေရမည်။

၃၆။ လျှပ်စစ်စစ်ဆေးရေးလုပ်ငန်းများအတွက်ဖြစ်စေ၊ လျှပ်စစ်နှင့် ပတ်သက်၍ ဝိဝါဒကွဲပြားအငြင်းပွားမှုများအတွက်ဖြစ်စေ၊ လျှပ်စစ်လုပ်ငန်းနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းပြုရန်ဖြစ်စေ၊ ပြည်တွင်းပြည်ပများမှ ထုတ်လုပ်သော လျှပ်စစ်ပစ္စည်းများ • စစ်ဆေးနိုင်ရန်အတွက်ဖြစ်စေ၊ ခေတ်မီလျှပ်စစ် စံချိန်စံညွှန်းများ၊ စစ်ဆေးမှုနည်းစနစ်များ သတ်မှတ်နိုင်ရန်အတွက်ဖြစ်စေ လျှပ်စစ်စစ်ဆေးရေးဌာနတွင် ဓာတ်ခွဲခန်း တစ်ခု ထားရှိရမည်။

၃၇။ လျှပ်စစ်စစ်ဆေးရေးဌာနသည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည့် လျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် လျှပ်စစ်စစ်ဆေးရေးနည်းစနစ်များ ကို အခါအားလျော်စွာထုတ်ပြန်နိုင်သည်။

၃၈။ လျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းများ၊ စစ်ဆေးမှုနည်းစနစ်များအရ စစ်ဆေးရရှိသည့် ရလဒ်များသည်သာလျှင်အတည်ဖြစ်စေရမည်။

# အခန်း ( ၁၀ )

## အထွေထွေ

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ သက်ဆိုင်ရာဝန်ကြီးဌာနသည်—

(က) လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ရမည်၊

( ခ ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။

၄၀။ The Electricity Act ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပ၊စ၊က/၁၄၆၃၉၂+၁၄၆၃၉၃/လွှတ်တော်/၅,၀၀၀+၂၅/ကျ/မ သ ။